### ELA အစီအစဉ်ဆိုတာ ဘာလဲ။

အင်္ဂလိပ်စကားကလွဲပြီး တခြားစကားပြောတဲ့ ကျောင်းသားတွေကို အင်္ဂလိပ်စကား နားလည်ပြီး ပြောတတ်၊ ဖတ်တတ်၊ ရေးတတ် အောင် သင်ကြားဖို့ အင်္ဂလိပ်စာသင်ယူမှု (ELA) အစဉ်ကို စီစဉ်ထားပါတယ်။ အိမ်မှာ အင်္ဂလိပ် စကားမဟုတ်တဲ့ တခြား စကားပြောလို့ ဘာသာ စကားကြောင့် ပညာရေး တိုးတက်မှုမှာ အတားအဆီး ဖြစ်နေတဲ့ တခြားကျောင်းသားတွေကို ကူညီဖို့လည်း ဒီအစီအစဉ်ကို စီစဉ်ထား ပါတယ်။ ကျောင်းသားတွေဟာ အင်္ဂလိပ်စာသင်ရင်း သင်္ချာ၊ သိပ္ပံနဲ့ လူမှုရေးလေ့လာမှုတွေကိုလည်း သင်ယူနေပါတယ်။ အင်္ဂလိပ်စာ သင်နေတဲ့ကလေးတွေကို သင်ကြားဖို့ ELA အစီအစဉ်က ဆရာဆရာမတွေက သင်တန်းတက်ထားပါတယ်။

### ကလေးတယောက်ကို အင်္ဂလိပ်စာသင်ယူနေသူလို့ ဘာလို့ သတ်မှတ်တာလဲ။

အင်္ဂလိပ်စကားမဟုတ်တဲ့ တခြားစကားပြောပြီး အင်္ဂလိပ်စကား ကောင်းကောင်း မပြောဘူး၊ ဒါမှမဟုတ် လုံးဝမပြောဘူးလို့ မိဘတွေက ပြောဖူးလို့ ကလေးတွေကို အင်္ဂလိပ်စာသင်ယူနေသူလို့ သတ်မှတ်တာပါ။ ကလေးရဲ့ အင်္ဂလိပ်စာ တတ်ကျွမ်းမှုကို ဓမ္မဒိဋ္ဌာန်ကျကျ စစ်ဆေးလိုက်တဲ့ အခါလည်း ကလေးက အင်္ဂလိပ်စာ မကျွမ်းကျင်တာ တွေ့ရပါတယ်။ ကျောင်းသားတယောက်က အင်္ဂလိပ်လို ကောင်းကောင်းပြောနိုင်ပေမဲ့ အရေးနဲ့ အဖတ် မရရင်လည်း အင်္ဂလိပ်စာ သင်ယူနေသူလို့ သတ်မှတ်နိုင်ပါတယ်။

ဒီခရိုင်ကို အသစ်ရောက်လာတဲ့ကျောင်းသားတွေကို အင်္ဂလိပ်စာ သင်ယူနေသူလို့ ယာယီသတ်မှတ်နိုင်ပေမဲ့ ဒါဟာ တိကျမှန်ကန်ပြီး မိဘတွေရဲ့ ဆန္ဒနဲ့ညီမညီ အတည်ပြုဖို့ စစ်ဆေးပါမယ်။ မိဘတွေက ဝန်ဆောင်မှုပေးဖို့ တောင်းဆိုမှသာ ကလေးတွေကို ဝန်ဆောင်မှု ပေးပါမယ်။ အင်္ဂလိပ်စာတတ်ကျွမ်းမှုနဲ့ ပညာရေးတိုးတက်မှုတို့ စစ်ဆေးရာက ရတဲ့ အဖြေတွေကို မိဘတွေကို ပို့ပါမယ်။

### ဒင်ဗာပြည်သူ့ကျောင်းတွေက အင်္ဂလိပ်စာသင်ယူနေသူတွေကို ဘယ်လိုသင်သလဲ။

ဒင်ဗာပြည်သူ့ကျောင်းတွေမှာ ELA အစီအစဉ်က အင်္ဂလိပ်စာ သင်ယူနေသူတွေကို နည်းနှစ်နည်းနဲ့ သင်နေပါတယ်။ ။ မူရင်း ဘာသာစကား ကူးပြောင်းမှု သင်ကြားရေး ၁ (TNLI) နဲ့ ဒုတိယ ဘာသာစကားအနေနဲ့ အင်္ဂလိပ်စာ(ESL) တို့ ဖြစ်ပါတယ်။ ဒီနည်း နှစ်ခုစလုံးရဲ့ ရည်ရွယ်ချက်က အင်္ဂလိပ်စာ သင်ယူနေသူတွေကို ခရိုင်ရဲ့ သာမန်ပင်မရေစီးကြောင်းက အင်္ဂလိပ်စာအတန်းတွေမှာ အဓိပ္ပါယ်ရှိရှိ ပါဝင်နိုင်ဖို့ လိုအပ်တဲ့အင်္ဂလိပ်စာ သင်ပေးဖို့ ဖြစ်ပါတယ်။

TNLI ပုံစံမှာ ကျောင်းသားတွေက ဘာသာရပ်တွေကို အစမှာ စပဲနစ်ရှ်စကားရော နေ့စဉ်အင်္ဂလိပ်ဘာသာတိုးတက်မှု သင်ကြား ရေးနဲ့ပါ သင်ကြားပါတယ်။ ပြီးတော့ ဘာသာရပ် သင်ကြားရေးကို အထောက်အကူ ပေးထားတဲ့ အင်္ဂလိပ်စာနဲ့ ကူးပြောင်း သင်ပေးရင်း နေ့စဉ်အင်္ဂလိပ်စာ တိုးတက်မှုကိုပါ သင်ကြားပါတယ်။ နောက်ဆုံး ကျောင်းသားတွေက အင်္ဂလိပ်စာ အရေး၊ အဖတ်၊ နားထောင်တာနဲ့ စကားပြောတာတို့မှာ အောင်မြင်ကြောင်း သက်သေပြနိုင်ပြီဆိုရင် ELA အစီအစဉ်ကထွက်ပြီး သာမန် ပင်မရေစီးကြောင်း အင်္ဂလိပ်စာ သင်ယူနိုင်ပါတယ်။

ESL ပုံစံမှာ ကျောင်းသားတွေကို အထောက်အကူပေးထားတဲ့ အင်္ဂလိပ်စာနဲ့ ဘာသာရပ်တွေသင်ရင်း နေ့စဉ်အင်္ဂလိပ်စာ တိုးတက်မှုကိုပါ သင်ပေးပါတယ်။ ကျောင်းသားတွေက အင်္ဂလိပ်စာ အရေး၊ အဖတ်၊ နားထောင်တာနဲ့ အပြောတို့ကို ကောင်းကောင်း လုပ်နိုင်ကြောင်း ပြပြီးရင် ELA အစီအစဉ်က ထွက်ပြီး သာမန် ပင်မရေစီးကြောင်း အင်္ဂလိပ်စာ သင်ယူနိုင်ပါတယ်။

### အင်္ဂလိပ်စာသင်ယူနေသူတွေရဲ့ လိုအပ်ချက်တွေကို ELA အစီအစဉ်က ဘယ်လိုဖြည့်ဆည်းပေးသလဲ။

အင်္ဂလိပ်စာသင်ယူနေသူတဦးစီရဲ့ လိုအပ်ချက်တွေကို သင်ကြားနည်း အမျိုးမျိုးနဲ့ ဖြည့်ဆည်းပေးနေပါတယ်။ မိဘရဲ့ ရွေးချယ်ချက်၊ ကျောင်းသား လိုအပ်ချက်တွေနဲ့ ကျောင်းမှာရနိုင်တဲ့ ဝန်ဆောင်မှု တွေအပေါ်မူတည်ပြီး ကျောင်းသားတယောက်က မူရင်းဘာသာစကားနဲ့ ပေါင်းစပ်ပြီး စပဲနစ်ရှ်စကားနဲ့ သင်ကြားတာ၊ အင်္ဂလိပ်စာ တိုးတက်မှုအစီအစဉ်၊ အထောက်အကူပေးထားတဲ့အင်္ဂလိပ်စာနဲ့ ဘာသာရပ် သင်ကြားမှုတွေ လုပ်နိုင်ပါတယ်။ ELA အစီအစဉ်မှာ ပါဝင်သူ ကျောင်းသားတွေက ပင်မရေစီးကြောင်းက အင်္ဂလိပ်စာအတန်းက ကလေးတွေနဲ့ သင်ရိုးညွှန်းတန်း အတူတူပါပဲ (သင်တာတွေက အတူတူပါပဲ)။ ဒီအစီအစဉ်မှာပါတဲ့ ကျောင်းသားတွေက အင်္ဂလိပ်စာသင်ယူဖို့ အချိန်သတ်မှတ် ထားတာပဲ ကွာပါတယ်။ တခြားဘာသာတွေ သင်တဲ့အခါမှာလည်း ကျောင်းသားတွေက အင်္ဂလိပ်စာ စသင်ခါစပဲ ရှိသေးတယ်ဆိုတာ ထည့်စဉ်းစားပါတယ်။

### ELA အစီအစဉ်က ကျောင်းသားတွေကို အင်္ဂလိပ်စာသင်ဖို့နဲ့ အဆင့်အတန်း မီဖို့ ဘယ်လိုအကူအညီ ပေးသလဲ။

အင်္ဂလိပ်စာတိုးတက်မှုအတွက် သင်ကြားရေးကနေ ကျောင်းသားတွေက အင်္ဂလိပ်လို နားထောင်တာ၊ အပြော၊ အဖတ်နဲ့ အရေးပညာတို့ တတ်ပါမယ်။ ကျောင်းသားက ဒီအစီအစဉ်မှာ ရောက်တာနဲ့ ဒီလို စသင်ပါမယ်။ အထောက်အပံ့ ပေးထားတဲ့အင်္ဂလိပ်စာ ဒါမှမဟုတ် စပဲနစ်ရှ်စကားနဲ့ သင်တဲ့အတန်းတွေမှာ အင်္ဂလိပ်စာ သင်ယူနေသူတွေက သင်္ချာ၊ သိပ္ပံနဲ့ လူမှုရေးလေ့လာမှုတို့မှာ ပင်မရေစီးကြောင်းက ကျောင်းသားတွေနဲ့ အဆင့်အတန်းတူဖို့ မျှော်လင့်ထား ပါတယ်။ အင်္ဂလိပ်စကား သင်ယူနေသူတွေ ဒီသင်ရိုးညွှန်းတန်းကို သင်နိုင်စေဖို့ သင့်တော်တဲ့ သင်ကြားနည်းတွေကို သင်ထားတဲ့ဆရာဆရာမတွေက ဒီအတန်းတွေ သင်ပါတယ်။

### ELA အစီအစဉ်က မသန်စွမ်းသူကျောင်းသားတွေရဲ့ လိုအပ်ချက်တွေ ဘယ်လို ဖြည့်ဆည်းသလဲ။

အင်္ဂလိပ်စာသင်ယူနေသူတွေက အထူးပညာရေးဝန်ဆောင်မှုတွေရော ELA အစီအစဉ် ဝန်ဆောင်မှုတွေပါ တပြိုင်နက် ရယူနိုင်ပါတယ်။ ပညာရေးစစ်ဆေးမှုအတွက် အထူးညွှန်းလိုက်တဲ့ အင်္ဂလိပ်စာ သင်ယူနေသူတွေကို ဘာသာစုံအဖွဲ့က စစ်ဆေးစီစစ်ပါတယ်။ နိုင်ငံတော်နဲ့ ပြည်နယ် ဥပဒေအရ ဒီကျောင်းသားကို မသန်မစွမ်းဖြစ်သူလို့ သတ်မှတ်ထားရင် စစ်ဆေးမှုရလဒ်အပေါ် အခြေခံပြီး ဒီအဖွဲ့က ကျောင်းသားရဲ့ ထူးခြားတဲ့လိုအပ်ချက်တွေကို ဖြည့်ဆည်းဖို့ တဦးချင်းဆိုင်ရာ အစီအစဉ်တရပ်ရေးဆွဲ အကောင်အထည်ဖော်ပါမယ်။

### အင်္ဂလိပ်စာသင်ယူနေသူတွေက ELA အစီအစဉ်ကနေ ဘယ်လို ထွက်သလဲ။

အင်္ဂလိပ်စာသင်ယူနေသူတွေက ပင်မရေစီးကြောင်းအင်္ဂလိပ်စာ အစီအစဉ်မှာ အောင်မြင်ဖို့ အင်္ဂလိပ်စာတတ်တဲ့အခါ ELA အစီအစဉ် ဝန်ဆောင်မှုတွေက ထွက်ပါတယ်။ ကျောင်းတိုင်းမှာ ဆရာဆရာမတွေနဲ့ ကျောင်းစီမံခန့်ခွဲသူတွေက ထွက်တဲ့ကျောင်းသားတွေကို အကြံပေးပါတယ်။ ဒီအကြံပြုချက်တွေကို ကိုလိုရာဒို အင်္ဂလိပ်စာစစ်ဆေးမှု (CELA)၊ ကိုလိုရာဒို ကျောင်းသား စစ်ဆေးမှုအစီအစဉ် (CSAP) စတဲ့ စစ်ဆေးမှုတွေ၊ ခရိုင်စစ်ဆေးမှုတွေ၊ အဆင့်အတန်း သတ်မှတ်ထားတဲ့ စာမေးပွဲမှတ်တမ်းတွေ၊ အတန်းတခုစီက စာမေးပွဲတွေ စတာတို့က အမှတ်တွေ၊ ကျောင်းသားရဲ့ ဆရာဆရာမတွေရဲ့ စီစစ်မှုတို့အပါအဝင် အချက်အလက် အမျိုးမျိုးအပေါ် အခြေခံထားပါတယ်။

ELA အစီအစဉ်ဝန်ဆောင်မှုက ထွက်နိုင်ဖို့ ကျောင်းသားတယောက်က CELA ကသတ်မှတ်ထားတဲ့အတိုင်း အထွေထွေကျွမ်းကျင်မှုထက် ကျော်လွန်ရပါမယ်။ CELA မှာ အထွေထွေကျွမ်းကျင်မှုထက် သာလွန်တာနဲ့အတူ မူလတန်းက ၁၂ တန်းအထိ ကျောင်းသားတယောက် က CELA အဖတ်၊ အရေး၊ အပြောနဲ့ နားထောင်တာတို့မှာ ကျွမ်းကျင်မှုအထက် ရှိရပါမယ်။ CELA ကျွမ်းကျင်မှုနဲ့ အတူ ကျောင်းသား တယောက်က CSAP ရဲ့ အစိတ်အပိုင်း တရပ်အဖြစ် စစ်ဆေးတဲ့ အင်္ဂလိပ်စာ အရေးအဖတ်တို့မှာ တစိတ်တဒေသ ဒါမှမဟုတ် သာလွန်တဲ့ ကျွမ်းကျင်မှု ရှိရပါမယ်။ CELA က သတ်မှတ်ထားတဲ့ အတိုင်း ထွက်နိုင်တဲ့ကျောင်းသားတွေက အထက်ပါ သတ်မှတ်ချက်တွေ မမီတဲ့အခါ ကျောင်းသားရဲ့ ဆောင်ရွက်ချက်တွေကို ISA အဖွဲ့က သေသေချာချာ စစ်ဆေးပြီးမှ ထွက်နိုင်ပါမယ်။ ဆောင်ရွက်ချက်တွေ စစ်ဆေးရာမှာ သတ်သတ်မှတ်မှတ် လုပ်တာမဟုတ်တဲ့ အတန်းစစ်ဆေးမှုတွေ၊ လုပ်ဖို့ခိုင်းတာတွေ၊ အမှတ်တွေ၊ တိုးတက်မှုမှတ်တမ်းတွေ၊ သတ်သတ်မှတ်မှတ်လုပ်တဲ့ စစ်ဆေးမှုတွေနဲ့ ကျောင်းတက်တာတွေ ပါပါတယ်။ ကျောင်းသားတွေက အစီအစဉ်ရဲ့ ဝန်ဆောင်မှုတွေက မထွက်ခင် ထွက်ဖို့ တောင်းဆိုချက် အားလုံးကို ELA ဌာနက စစ်ဆေးပါတယ်။

ကျောင်းသားတွေက ELA အစီအစဉ်ဝန်ဆောင်မှုတွေက ထွက်ပြီးတဲ့ အခါ ပင်မရေစီးကြောင်းအင်္ဂလိပ်စာ အတန်းတွေမှာ အောင်မြင်စွာ ပါဝင်ဖို့ အင်္ဂလိပ်စာ အလုံအလောက်ကျွမ်းကျင်တယ်ဆိုတာ သေချာအောင် သာမန် အင်္ဂလိပ်စာအတန်းတွေမှာ သူတို့ရဲ့ တိုးတက်မှုကို နှစ်နှစ်စောင့်ကြည့်ပါတယ်။

တချို့ကျောင်းသားတွေက ၁ နှစ်အတွင်း ထွက်နိုင်ပေမဲ့ တချို့ကတော့ ၅ နှစ်ကျော် ဒီအစီအစဉ်မှာ ပါပါတယ်။ ဒီအစီအစဉ်မှာ အင်္ဂလိပ်စာသင်ယူ

သူတွေက ပျမ်းမျှ ၃.၄ နှစ် ပါပါတယ်။ သုံးနှစ်ဆက်တိုက်ပါပြီးတဲ့အခါ ဒီအစီအစဉ်က ကျောင်းသားအများစုက အားလုံး အင်္ဂလိပ်လို သင်ပါတယ်။ အထက်တန်းကျောင်းမှာ အင်္ဂလိပ်စာသင်သူတွေ ၅၀ ရာခိုင်နှုန်းလောက် ၉ တန်းအောင်ပါတယ်။

**အိမ်အနီးအနားကကျောင်းမှာမရနိုင်တဲ့ဝန်ဆောင်မှုတွေ လိုချင်ရင်ရော။**
ELA ဝန်ဆောင်မှုတွေ အိမ်အနီးအနားကကျောင်းမှာ မရနိုင်ရင် အကျုံးဝင်တဲ့ ကျောင်းသားတွေအတွက် ELA ဝန်ဆောင်မှုတွေပေးတဲ့ သတ်မှတ်ထားတဲ့ ကျောင်းကိုသွားဖို့ အကြိုအပို့ကို ခရိုင်ကနေ စီစဉ်ပေးပါတယ်။ ELA ဝန်ဆောင်မှု မပေးတဲ့ကျောင်းက အကျုံးဝင်တဲ့ ကျောင်းသားတွေက ခရိုင်ရဲ့ "Choice" လုပ်ငန်းစဉ်သုံးပြီး ဒင်ဗာ ပြည်သူ့ကျောင်းတွေကို လျှောက်နိုင်ပါတယ်။ Choice လုပ်ငန်းစဉ် အကြောင်း နောက်ထပ်အချက်အလက်သိလိုရင် ၇၂၀-၄၂၃-၃၄၉၃ ကိုဆက်ပြီး School of Choice ရုံးကို ဆက်သွယ်ပါ။

**မိဘတွေမှာ ဘာအခွင့်အရေးတွေ ရှိသလဲ။**
မိမိတို့ရဲ့ ကလေးတွေ ELA အစီအစဉ်မှာ ပါဖို့မပါဖို့ရော ကလေးတွေ ရယူမယ့် ဝန်ဆောင်မှုတွေကိုပါ မိဘတွေမှာ ရွေးပိုင်ခွင့်ရှိပါတယ်။ ကျောင်းတိုင်းမှာ ဝန်ဆောင်မှုအားလုံး ရနိုင်တာ မဟုတ်ပါဘူး။

မိဘတွေက မိဘခွင့်ပြုချက်ပုံစံကို ဖြည့်တဲ့အခါ ဒါတွေကို ရွေးပါတယ်။ မိဘ ခွင့်ပြုချက်ပုံစံအသစ်ဖြည့်ပြီးတော့လည်း ဒီအစီအစဉ်မှာ မိမိကလေးရဲ့ ပါဝင်မှုကို အချိန်မရွေး ပြောင်းလဲပိုင်ခွင့်ရှိပါတယ်။ ကျောင်းတွေမှာ ရနိုင်တဲ့ အစီအစဉ်တွေ ရွေးချယ်ဖို့ ကျောင်းတွေက မိဘတွေကို ကူညီပါတယ်။

အင်္ဂလိပ်စာသင်ယူသူ အယောက် ၂၀ ထက်ပိုတဲ့ကျောင်းတွေမှာ မိဘတွေကို အကြံပေးတဲ့ကော်မတီ (PAC) ရှိပြီး ဒီကော်မတီကို ကျောင်းသားမိဘတွေက ရွေးတာဖြစ်ပါတယ်။ ELA အစီအစဉ်က ကိုယ်စားလှယ်တွေပါဝင်တဲ့ ပြည်နယ်လုံးကျွတ် (PAC) က လစဉ် တွေ့ဆုံပြီး မိဘတွေကို သင်တန်းတွေ ပေးပြီး ELA အစီအစဉ်ကို ခရိုင်တဝှမ်းအကောင်အထည်ဖော်မှုနဲ့ ပတ်သက်ပြီး စိုးရိမ်စရာတွေရှိခဲ့ရင် မိဘတွေအနေနဲ့ ထုတ်ဖော်ပြောဆိုဖို့ ဟစ်တိုင်တရပ်လည်း ပေးထားပါတယ်။

**မိဘခွင့်ပြုချက်ပုံစံမှာပါတဲ့ရွေးချယ်စရာသုံးခုမှာ ဘာတွေ ကွာခြားသလဲ။**

**ရွေးချယ်စရာ ၁**
စပဲနစ်ရှ်ဘာသာနဲ့ ဝန်ဆောင်မှုတွေရနိုင်တဲ့နေရာမှာ ရွေးချယ်စရာ ၁ က မိမိကလေးကို စပဲနစ်ရှ်ဘာသာနဲ့ သင်ကြားဖို့ ရွေးချယ်ထားတဲ့ မိဘတွေရှိတဲ့ စပဲနစ်ရှ်စကားပြောတဲ့ ကျောင်းသားတွေအတွက်ပါ။ ရွေးချယ်စရာ ၁ ရွေးရင် အစမှာ သင့်ကလေးက အင်္ဂလိပ်စကားမတတ်ရင် အင်္ဂလိပ်စကား စသင်နေရင်း စပဲနစ်ရှ်လို သင်ပါမယ်။ သင့်ကလေး အင်္ဂလိပ်စာ သင်ယူရာမှာ အထောက်အကူဖြစ်စေဖို့ စပဲနစ်ရှ်စကားကို ကိရိယာတခု အဖြစ် သုံးပါမယ်။ သင့်ကလေးက အင်္ဂလိပ်စကား အတော် တတ်ပြီဆိုရင် အင်္ဂလိပ်လို အားလုံးသင်တဲ့အတန်းတွေကို ပြောင်းပါမယ်။ အဲဒီမှာ အရေး၊ အဖတ်၊ သင်္ချာ၊ သိပ္ပံနဲ့ လူမှုရေးလေ့လာမှုတွေကို သင်ရင်း နောက်ထပ် အကူအညီတွေ ဆက်ရပါမယ်။ အင်္ဂလိပ်စာသင်ယူနေတဲ့ ကလေးတွေကို သင်ဖို့ သင်တန်းတက်ထားတဲ့ ဆရာဆရာမတွေက သင့်ကလေးကို သင်ပါမယ်။ သင့်ကလေးက အင်္ဂလိပ်လို ကောင်းကောင်း ရေး၊ ဖတ်၊ နားထောင်ပြီး ပြောနိုင်တဲ့အခါ အရေး၊ အဖတ်၊ သင်္ချာ၊ သိပ္ပံနဲ့ လူမှုရေး လေ့လာမှုတွေအတွက် ရိုးရိုး အင်္ဂလိပ်လိုအတန်းတွေကို ပြောင်းပါမယ်။

**ရွေးချယ်စရာ ၂**
ရွေးချယ်စရာ ၂ ရွေးရင် သင့်ကလေးကို အင်္ဂလိပ်စာသင်ယူနေတဲ့ တခြားကလေးတွေနဲ့ အတူတူ အင်္ဂလိပ်စာအတန်းအားလုံးမှာ ထားပါမယ်။ သင့်ကလေးက အရေး၊ အဖတ်၊ သင်္ချာ၊ သိပ္ပံနဲ့ လူမှုရေးလေ့လာမှုတွေ သင်ယူရင်း နောက်ထပ်အကူအညီတွေ ရပါမယ်။ အင်္ဂလိပ်စာသင်ယူနေတဲ့ ကလေးတွေကို သင်ဖို့ သင်တန်းတက်ထားတဲ့ဆရာဆရာမတွေက သင့်ကလေးကို သင်ပါမယ်။ သင့်ကလေးက အင်္ဂလိပ်လို ကောင်းကောင်း ရေး၊ ဖတ်၊ နားထောင်ပြီး ပြောနိုင်တဲ့အခါ အရေး၊ အဖတ်၊ သင်္ချာ၊ သိပ္ပံနဲ့ လူမှုရေးလေ့လာမှုတွေအတွက် ရိုးရိုး အင်္ဂလိပ်လိုအတန်းတွေကို ပြောင်းပါမယ်။

**ရွေးချယ်စရာ ၃**
ရွေးချယ်စရာ ၃ ရွေးရင် သင့်ကလေးကို အရေး၊ အဖတ်၊ သင်္ချာ၊ သိပ္ပံနဲ့ လူမှုရေးလေ့လာမှုတွေအတွက် ရိုးရိုးအင်္ဂလိပ်စာ အတန်းတွေမှာ ထားပါမယ်။ အင်္ဂလိပ်စာ ဒါမှမဟုတ် အရေး၊ အဖတ်၊ သင်္ချာ၊ သိပ္ပံနဲ့ လူမှုရေးလေ့လာမှုတွေ သင်ယူဖို့ သင့်ကလေးက အင်္ဂလိပ်စာ သင်ယူနေသူတွေကိုသင်ဖို့ သင်တန်းတက်ထားတဲ့ ဆရာဆရာမတွေဆီက အကူအညီ မရပါဘူး။

**မေးစရာရှိရင် ဘယ်သူ့ကို ဖုန်းဆက်နိုင်လဲ။**
မိဘရပိုင်ခွင့်တွေအပါအဝင် ဒီစာစောင်မှာပါတဲ့အချက်အလက်တွေနဲ့ ပတ်သက်ပြီး မေးစရာတွေရှိရင် သင့်ကလေးရဲ့ ကျောင်း ဒါမှမဟုတ် ၇၂၀-၄၂၃-၈၁၅၅ ကိုဆက်ပြီး အင်္ဂလိပ်စာသင်ယူမှုဌာနကို ဆက်သွယ်ပါ။ ELA အစီအစဉ်အကြောင်း နောက်ထပ်အချက်အလက်တွေကို http://ela.dpsk12.org မှာ တွေ့နိုင်ပါတယ်။

**DPS အင်္ဂလိပ်စာ**
**သင်ယူမှု အစီအစဉ်**

# ELA

## မိဘအတွက် စာစောင်

ဒင်ဗာ ပြည်သူ့ကျောင်းများ


အင်္ဂလိပ်စာ
သင်ယူမှုဌာန
**1330 Fox Street, 2nd Floor North**
**Denver, CO 80204**
**720-423-8155**
ဖက်စ်။ ။ **720-423-8168**
http://ela.dpsk12.org



၂၀၀၉ နှစ်